# အာစီယံဒေသအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးဆိုင်ရာ ကြေညာစာတမ်း

Declaration on the Elimination of Violence Against Women in the ASEAN Region
(Burmese)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ထုတ်ဝေသည်။

www.womenofburma.org wlb@womenofburma.org vaw@womenofburma.org

# အာရှပစိဖိတ်ဒေသအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးဆိုင်ရာ ကြေညာစာတမ်း

ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး (ကိုယ်စား)၊ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံတကာပူပေါင်းဆောင်ရွက်ရေး နိုင်ငံခြားရေးဝန်ကြီးနှင့် ထိပ်တန်းဝန်ကြီး၊ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ လောနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုဝန်ကြီးချုပ်၊ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ မြန်မာနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး၊ ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၏ ၁၉၉၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ဆုံးဖြတ်ချက်အမှတ် ၄၈/ ၁၀၄ နှင့်အညီ အတည်ပြုခဲ့သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးဆိုင်ရာကြေညာစာတမ်းနှင့် အမျိုးသမီးများအပေါ် ခွဲခြားထားမှုများ အားလုံး ပပျောက်ရေးဆိုင်ရာ သဘောတူညီချက်စာချုပ်တို့အား ပြန်ပြောင်းသတိရခြင်း

အမျိုးသမီးများ၏တန်းတူရေး၊ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးတို့ရရှိရန်အတွက် အတားအဆီးတခုဖြစ်နေသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်းကို ၁၉၉၅ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော လေးကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများညီလာခံတွင် အတည်ပြုပြဌာန်းခဲ့သည့် လုပ်ငန်းဆိုင်ရာမူဝါဒ *(Platform for Action)* နှင့် ဘေဂျင်းညီလာခံ လုပ်ငန်းစဉ်ဆုံးဖြတ်ချက်တို့တွင် အတည်ပြုဖော်ပြခဲ့ပြီး၊ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၏ ၂၃ကြိမ်မြောက် အထူးကဏ္ဍ အစည်းအဝေးကြီးတွင် အမျိုးသမီးများ၏ သက္ကရာဇ် ၂၀၀၀ပြည့်၊ လိင်ဆိုင်ရာ တန်းတူရေး၊ ၂၁ ရာစုအတွက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ခေါင်းစဉ်ဖြင့် နောက်တဖန်ထပ်မံ၍လည်းကောင်း တင်ပြခြင်း၊

၁၉၆၇ ခုနှစ် အာဆီယံကြေငြာချက် (ဘန်ကောက်ကြေညာစာတမ်း)၊ ၁၉၆၇ ခုနှစ် အာဆီယံ သဘောတူညီမှု ကြေငြာချက်၊ ၁၉၈၇ ခုနှစ် မနီလာ ကြေညာစာတမ်း၊ ၁၉၈၈ ခုနှစ် အာစီယံဒေသအတွင်း အမျိုးသမီးများ၏ တိုးတက်ရေးဆိုင်ရာ ကြေညာစာတမ်းနှင့် ၁၉၈၈ ခုနှစ် ဟန္နိုင်းလုပ်ငန်း စီမံချက်တို့၏ ရည်ရွယ်ချက် ဦးတည်ချက်တို့အား ပိုမိုအားကောင်းစေလိုခြင်း၊

အမျိုးသမီးများအားအကြမ်းဖက်မှုသည် ၎င်းတို့၏လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအား ချိုးဖောက်ဖျက်ဆီးခြင်း၊ အရင်းအမြစ်များ ရယူပိုင်ဆိုင်ခွင့်နှင့် ၎င်းအခွင့်အရေးအတွက် လှုပ်ရှား ဆောင်ရွက်မှုများအား အကန့်အသတ်ဖြစ်စေခြင်းများအပြင် အမျိုးသမီးထု၏ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်စေနိုင်သည့်အရာများအား တားမြစ်နှောင့်နှေးခြင်း ဖြစ်ပေါ်စေနိုင်ခြင်းအပေါ် အသိအမှတ်ပြုခြင်း

## ဤနေရာမှထုတ်ပြန်ကြေညာလိုသည်မှာ၊

ဒေသအတွင်းရှိအမျိုးသမီးများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများပပျောက်ရေးနှင့်ပတ်သက်၍ ဒေသတွင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ပူးပေါင်းလုပ်ကိုင်မှုနှင့် အတူတကွတာဝန်ယူဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန် အဖွဲ့ဝင်နိုင်ငံတိုင်း သို့မဟုတ် တဦးတယောက်ချင်း သို့မဟုတ် အစုအပေါင်းဟန်ဖြင့် အာစီယံအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများပပျောက်ရေးနှင့်ပတ်သက်သော ကတိကဝတ်များ၊ ရည်မှန်းချက်များအား အပြည့်အဝအကောင်အထည်ဖေါ်ရန် ကြိုးပမ်းဆောင်ရွက်သင့်သကဲ့သို့ ၎င်းတို့၏ တိုးတက်မှုများအားလည်း အောက်ပါအတိုင်း ကိုယ်တွယ် ကြီးကြပ် သင့်သည်။

၁၊ ဒေသဆိုင်ရာ သို့မဟုတ် နှစ်နိုင်ငံခြင်းကြားတွင် စနစ်တကျသုတသနပြုခြင်း၊ အချက်အလက် စုဆောင်းခြင်း၊ သုံးသပ်ချက်များပြုလုပ်ခြင်းနှင့် အချက်အလက်များဖြန့်ဝေခြင်း စသည့်လုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် အားပေးမှုများ ပြုလုပ်ပေးရန်၊ အချက်အလက်များ ဖြန့်ဝေရာတွင် လိင်အရ၊ အသက်အရွယ်အရ ပိုင်းခြားခြင်းနှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများ၏ သဘောသဘာဝနှင့် အကျိုးဆက်များအပြင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအား တိုက်ဖျက်ခြင်းနှင့် ပတ်သက်သော လုပ်ငန်းစဉ်များ၊ မူဝါဒများ၏ အမျိုးသမီးများအပေါ် အကျိုးသက်ရောက်မှုများနှင့် အကျိုးဖြစ်ထွန်းမှုများ စသည့် အခြားဆက်နွယ်သော သတင်းအချက်အလက်များလည်း ထည့်သွင်းရမည် ဖြစ်သည်။

၂၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများပပျောက်ရေးအတွက်၊ စုပေါင်း စုံလုံစေ့စပ်သော နည်းလမ်းများ အားကောင်းတိုးမြှင့်လာစေရန်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းဆိုင်ရာ စိုးရိမ်ပူပန်မှုနယ်ပယ်လေးရပ်ကို အရင်းခံသည့် လုပ်ငန်းယန္တရားများ ဖေါ်ဆောင်ပေးခြင်း၊ ယင်းစိုးရိမ်ပူပန်ခြင်း နယ်ပယ်လေးရပ်ဆိုသည်မှာ ရှင်သန်ကျန်ရစ်သူများ၏ လိုအပ်ချက်များအား ဖြည့်ဆီးပေးနိုင်သောဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်း၊ အပြစ်ကျူးလွန်သူများအား သင့်တင့်သောအရေးယူခြင်းများလုပ်ခြင်း၊ အရေးယူနိုင်ရန် ပြင်ဆင်ခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ၏ သဘောသဘာဝ၊ ဖြစ်ပေါ်စေသည့် အကြောင်းတရားများအား နားလည်ခြင်းနှင့် လူ့အဖွဲ့အစည်းသဘောထားနှင့် အပြုအမူများအား ပြုပြင်ပြောင်းလဲခြင်း တို့ဖြစ်သည်၊

၃၊ အမျိုးသမီးများအပေါ် ပုံစံမျိုးစုံဖြင့် အကြမ်းဖက်ခြင်းပပျောက်ရေးအတွက် မူဝါဒများ၊ အစီအစဉ်များအပါအဝင် စံနစ်များ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များအားဖြင့် လိင်ကွဲပြားခြင်းကို အခြေပြုသည့် ပင်မရေစီးကြောင်းကို တွန်းအားပေးဆောင်ရွက်သွားရန်

၄၊ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများဖြစ်ခြင်းကို ကာကွယ်နိုင်ရန် ဥပဒေပြုခြင်း၊ လိုအပ်ပါက ဥပဒေအရ အာဏာစက်ထိရောက်စေခြင်း၊ သို့မဟုတ် နိုင်ငံတွင်းတရားရေးမဏ္ဍိုင်ကိုပြုပြင်ခြင်း၊ အကာအကွယ်ပေးခြင်း၊ ကုစားပေးခြင်း၊ ပြန်လည်တည်ငြိမ်လာစေခြင်းများနှင့် ရှင်သန်ကျန်ရစ်သူများ မူလပတ်ဝန်းကျင်သို့ ပြန်လည်ပေါင်းစည်းရေး ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ပေးရန်များအပြင် စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ အပြစ်ပေးခြင်းနှင့် အပြစ်ကျူးလွန်သူများအား သင့်တင့်သော

ပြန်လည်ပြုစုပျိုးထောင်မှုများ ပြုလုပ်ခြင်းများသာမက၊ အိမ်၊ လုပ်ငန်းခွင်၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်း သို့မဟုတ် လူ့အဖွဲ့အစည်းအတွင်း သို့မဟုတ် ထိန်းသိမ်းချုပ်နှောင်ထားစဉ်ကာလအတွင်းတွင် အမျိုးသမီးများ သို့မဟုတ် မိန်းကလေးငယ်များအနေဖြင့် နောက်တဖန်ပြန်လည် ဒုက္ခဝေဒနာ ခံစားခြင်းများ မရှိရလေအောင် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ခြင်းများလည်း ပါဝင်သည်။

၅။ အမျိုးသမီးများအပေါ်ခွဲခြားဆက်ဆံသောမည်သည့်ပုံစံမျိုးကိုမဆို ပပျောက်စေရန်အတွက် လိုအပ်သော အရေးယူ ဆောင်ရွက်ချက်များ ဆောင်ရွက်ရန်၊ အမျိုးသမီးများအားလုပ်ပိုင်ခွင့် အာဏာအပ်နှင်းရန်နှင့် ၄င်းတို့၏ စီးပွားရေးဆိုင်ရာ လွတ်လပ်ခွင့်များအား တိုးမြှင့်ပေးရန်များအပြင်၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်လေးများအပေါ် အကြမ်းဖက်မှုများမှ မိမိကိုယ်မိမိ ခုခံကာကွယ်ပိုင်ခွင့် ရရှိနိုင်ရန်အလို့ငှါ အခြေခံ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်မှုများ အပြည့်အဝခံစားနိုင်မှုကို ကာကွယ်အားပေးရန်၊

၆၊ လက်ရှိတည်ရှိနေသော တရားရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာဆောင်ရွက်ချက်များအား တိုးတက်လာစေရန် သို့မဟုတ် ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းမှုများအား ပိုမိုအားဖြည့်သည့်အပြင် လူထုအခြေပြု ဆောင်ရွက်သူများနှင့် တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်သောလုပ်ငန်းများ၊ သတင်းအချက်အလက်များ ဖြန့်ဖြူးပေးနေသော လုပ်ငန်းများအပြင် ဥပဒေများအား လိုက်နာဆောင်ရွက်အောင် ကြပ်မတ်ပေးနေသော အဖွဲ့အစည်းများအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ မဖြစ်အောင် ကာကွယ်တားဆီးခြင်းကို ရည်ရွယ်လုပ်ဆောင်နေသော လုပ်ငန်းများအား ထောက်ပံ့ကူညီခြင်း၊

၇၊ အတတ်ပညာဆိုင်ရာနှီးနှောဖလှယ်ပွဲများ၊ အရင်းအမြစ်ဆိုင်ရာပြင်ဆင်စုစည်းခြင်းများအတွက် တိုင်းပြည်များ အကြားတွင် နှစ်နိုင်ငံအတွင်း၊ ဒေသတွင်းအဆင့်နှင့် နိုင်ငံတကာများအကြား ပူပေါင်းဆောင်ရွက်ခြင်းများ ပိုမိုအားကောင်းလာစေရန်၊ အတတ်ပညာများ ဖလှယ်ရာတွင် အသိပညာပေးလှုံ့ဆော်မှုလုပ်ငန်းများနှင့်ပတ်သက်သော အကောင်းဆုံးအတွေ့အကြုံများ၊ လက်တွေ့ဆောင်ရွက်မှုများအပြင်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအား ကိုင်တွယ်ဖြေရှင်းခြင်း၊ ကာကွယ်ခြင်းများဆိုင်ရာ အသိပညာပေးပြောဆို ဆွေးနွေးမှု အစီအစဉ်များ ဖွံ့ဖြိုးလာစေရေးနှင့်ပတ်သက်သည့် အကြောင်းအရာများလည်း ပါဝင်သည်။

၈၊ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများပပျောက်ရေးအတွက် ဆောင်ရွက်လုပ်ကိုင်နေသော အမျိုးသမီးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများ၏ လှုံ့ဆော်ဆောင်ရွက်မှုများအား ထောက်ခံရန်၊ အထက်ဖော်ပြပါ အဖွဲ့အစည်းများအပြင် အစိုးရ သို့မဟုတ် ပုဂ္ဂလိကဆိုင်ရာအဖွဲ့အစည်းများနှင့် ပူပေါင်းဆောင်ရွက်မှုရှိသောဆက်ဆံရေးများ တည်ဆောက်ခြင်းအပြင် လုပ်ငန်းဆက်ဆံရေး ကွန်ယက်များ ပိုမိုအားကောင်းအောင်ပြုလုပ်ခြင်းနှင့် တိုးတက်မှုများ ဖြစ်ပေါ်လာစေရန်အတွက် တည်ဆောက်ခြင်းတို့ ပြုလုပ်ရန် ပါဝင်သည်။

**၂၀၀၄ ခုနှစ် ဂျွန်လ ၃၀ ရက်နေ့ ဂျာကာတာမြို့တွင် အင်္ဂလိပ်ဘာသာဖြင့်သာ ရေးသားပြုစုခဲ့သည်။**